# ဘုရားသခင်၏လုပ်ငန်း တိုးတက်လာခြင်း

YR C
NO. 49

**အလွတ်ကျမ်းချက်။ ။ ဗျာဒိတ်ကျမ်း ၁၄း၁၂**

**“ဘုရားသခင်၏ပညတ်တို့ကိုငင်း၊
ယေရှု၏ယုံကြည်ခြင်းကိုငင်း၊
စောင့်ရှောက်သော သန့်ရှင်းသူတို့သည်
ဤအရာ၌ သည်းခံစရာအကြောင်းရှိ၏။”**





## တနင်္ဂနွေနေ့ ။ သည်းခံသောသန့်ရှင်းသူများ ၁

၁၈၄၄ ခုနှစ်၌ စိတ်ဓာတ်အကြီးအကျယ်ကျပြီးနောက်၊ သခင်ယေရှုကြွလာတော်မူခြင်းကို မျော်လင့်ခြင်းသောယုံကြည်သူများ အနည်းငယ်သည်သာ သခင်ယေရှုသည် သူတို့ကို လမ်းပြဦးဆောင်နေကြောင်းနှင့် သူသည် အောက်တိုဘာ ၂၂ တွင် အရေးကြီးသောအမှုကို လူသားများအတွက် စတင်လုပ်ဆောင်နေကြောင်း ယုံကြည်နေဆဲရှိကြသည်။ ဤယုံကြည်သူအနည်းစုသည်သာ သည်းခံစွာ ဆက်လက်ယုံကြည်ခဲ့သည်၊ သမ္မာကျမ်းစာကို စိတ်အားထက်သန်စွာလေ့လာပြီး ဘုရားသခင်က သူတို့အား ဖော်ပြပေးသော အသစ်သောအမှန်တရားကို နာခံခဲ့ကြသည်။ ဤလူများသည် ဗျာဒိတ်ကျမ်း ၁၄း၁၂ ၌ ဖော်ပြသော သည်းခံသောသန့်ရှင်းသူများဖြစ်သည်။ ဤသစ္စာရှိသောလူများသည် နှုတ်ကပတ်တော်ကို ဆက်လက်လေ့လာသည်နှင့်အမျှ၊ သူတို့သည် သတ္တမနေ့ဥပုသ်ကို စတင်စောင့်ထိန်းလာပြီး၊ သူတို့သည် သတ္တမနေ့မျော်လင့်ခြင်း အသင်းသူအသင်းသားများ (သို့) ယုံကြည်သူများဟု ထင်ရှားလာခဲ့ကြသည်။

ထင်ရှားကျော်ကြားသောအသင်းတော်များက လူများသည် စ တုတ္ထပညတ်ကို နာခံစောင့်ထိန်းစရာ မလိုအပ်ဟု သွန်သင်နေကြသည်။ ဤအရာသည် အန္တရာယ်ရှိသောအမှားတစ်ခုဖြစ်ကြောင်းကို နားလည်သိရှိလာခြင်းဖြင့်၊ မျော်လင့်ခြင်းယုံကြည်သူများသည် ပညတ်တော်ဆယ်ပါးအလုံးစုံကို နာခံလိုက်လျှောက်ရန် အရေးကြီးသည်ကို မကြာခဏ အလေးအနက်ထားခဲ့သည်၊ အဘယ်ကြောင့်ဆိုသော် တစ်ခုကိုပင် နာမခံမလိုက်လျှောက်ပါက အပြစ်ဖြစ်စေသောကြောင့်ဖြစ်သည်။ ရှင်ယာကုပ်သြဝါဒစာ ၂း၁၀။

ဤသည်ကောင်းသော်လည်း၊ သူတို့နားလည်ရန်လိုအပ်သောအရာများစွာ ရှိပါသည်။ “သည်းခံသောသန့်ရှင်းသူများ” က “ပညတ်တော်တို့ကို စောင့်ထိန်းရန်” မှာ အရေးကြီးကြောင်း သိရှိခဲ့ကြသည်။ သူတို့နားလည်ရန်လိုအပ်သော အခြားအရာမှာ အဘယ်နည်း။ ဗျာဒိတ်ကျမ်း ၁၄း၁၂။ “ယေရှုခရစ်၏ယုံကြည်ခြင်း” ကို မိမိလူတို့နားလည်ရန် ဘုရားသခင်သည် အဘယ်သို့ ကူညီမည်နည်း။ သူသည် အထွေထွေညီလာခံ ၏ အစည်းအဝေးတစ်ခုတွင် ဤအံ့သြဖွယ်ကောင်းသောအမှန်တရားကို ရှင်းပြပေးလိမ့်မည်။

၁၈၈၉ ခုနှစ်ထိတိုင်၊ သတ္တမနေ့မျော်လင့်ခြင်းယုံကြည်သူများသည် အသင်းတော်၏အထွေထွေညီလာခံအစည်းအဝေးကို နှစ်စဉ် ကျင်းပခဲ့ကြသည်။ (ယခုတွင် ငါးနှစ်တစ်ကြိမ် ကျင်းပနေသည်။) ထိုအစည်းအဝေးများတွင် အသင်းတော်အဖွဲ့အစည်းများအားလုံးမှ ကိုယ်စားလှယ်များသည် နောက်နှစ်အတွက် အသင်းတော်ခေါင်းဆောင်များကို ရွေးချယ်ခဲ့ကြပြီး၊ တိုးတက်ကြီးထွားသောအသင်းတော်၏လုပ်ငန်းကို ကူညီပံ့ပိုးရန် ဆုံးဖြတ်ချက်များ ချမှတ်ခဲ့ကြသည်။

၁၈၈၈ ခုနှစ်တွင်၊ အထွေထွေညီလာခံအစည်းအဝေးကို မီနက်ဆိုတာ၊ မင်နီယာပိုးလစ် (Minneapolis, Minnesota) ၌ ကျင်းပခဲ့ကြသည်။ ၉၁ ယောက်သောကိုယ်စားလှယ်တို့သည် ရောက်လာခဲ့ကြသောအခါ သူတို့၏အလေးထားတရားဟောပြောခြင်းအမှုကို ပြောင်းလဲရန် ရည်ရွယ်သော သူတို့အတွက် ဘုရားသခင်၌အထူးသတင်းတရားရှိကြောင်းကို သူတို့မသိခဲ့ကြပါ။ သူတို့သည် ယေရှုအကြောင်းကို ပညတ္တိကျမ်း၌ဟောပြောသောကြောင့် ပညတ်တရားသည် သူတို့အတွက် ပို၍ အဖိုးရှိပေလိမ့်မည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်၏ပညတ်တော်ကို အဘယ်သူသာ စောင့်ထိန်းနိုင်သနည်း။ ထွက်မြောက်ရာကျမ်း ၂၀း၆၊ ရှင်ယောဟန်ခရစ်ဝင် ၁၄း၁၅။

## တနင်္လာနေ့ ။ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း ၂

၁၈၈၈ ခုနှစ်၌ အထွေထွေညီလာခံအတွင်းတွင်၊ ဒေါက်တာ ဝဘ်ကွန်နာ (Dr. Waggoner) နှင့် အယ်ဒါဂျိုးနက်စ် (Elder Jones) တို့သည် အယ်လင်ဝှိုက်နှင့် အတူ၊ ကိုယ်စားလှယ်များက “သခင်ယေရှု၏ယုံကြည်ခြင်း” အတွက် အလေးထားပြောကြားခဲ့ကြသည် (ဗျာဒိတ်ကျမ်း ၁၄း၁၂)။ သူတို့သည် နာခံခြင်း (ဖြောင့်မတ်ခြင်း သို့မဟုတ် မှန်ကန်သောအရာများကို လုပ်ဆောင်ခြင်း) နှင့် ယုံကြည်ခြင်းကို သီးသန့်ခွဲခြား၍မရနိုင်ကြောင်းနှင့် ၎င်းတို့သည် တူညီစွာအရေးကြီးကြောင်းကို ရှာဖွေတွေ့ရှိခဲ့ကြသည်။ ထို့ကြောင့် ထိုသတင်းစကားကို တစ်ခါတစ်ရံ “ယုံကြည်ခြင်းအားဖြင့်ဖြောင့်မတ်ခြင်း” ဟုခေါ်ဆိုခြင်း ဖြစ်သည်။

မျော်လင့်ခြင်း ယုံကြည်သူအသင်းသူအသင်းသားအများစုမှာ ပညတ်တော်ကိုစောင့်ထိန်းရန် အရေးကြီးကြောင်းကို သိရှိခဲ့ကြသည်။ ကောရိန္သုသြဝါဒစာ ပဌမစောင် ၇း၁၉။ သို့သော် ပညတ်တော်သည် အပြစ်ကို လွှတ်ပေးနိုင်သလား သို့မဟုတ် အဘယ်သူကိုမဆို ဖြောင့်မတ်သောသူဖြစ်စေနိုင်ပါလား။

၎င်းသည် အယ်လင်ဝှိုက်အတွက် သူတို့အား အပြစ်တင်ဆုံးမပွဲပြင်ပေးရန်မှာ မလွယ်ကူခဲ့ချေ။ သူမသည် ကြင်နာခြင်းနှင့် ချစ်ခြင်းမေတ္တာဖြင့် ရေးသား၊ ပြောဆိုခဲ့သော်လည်း အနည်းငယ်မျှသာ ဆုံးမပဲ့ပြင်ခြင်းကို လက်ခံခဲ့ကြသည်။ သူမ ကူညီဖို့ရန် ကြိုးစားနေသူများက သူမကို မကြာခဏအပြစ်တင်ဝေဖန်ပြီး ဘုရားသခင်၏သတိပေးချက်များကို ယုံကြည်လက်ခံရန် ငြင်းဆန်ခဲ့ကြသည်။ ဤခုခံတော်လှန်ခြင်းက သူမကို အလွန်ကြီးစွာသောဝမ်းနည်းမှု ဖြစ်စေခဲ့၏။ လူများတို့သည် မိမိတို့၏ ကိုယ်ပိုင်လမ်းကို ရွေးချယ်ခဲ့ကြသောအခါ၊ ဘုရားသခင်၏ သတင်းစကား ယူဆောင်လာပေးသူများ၏စကားကို နားထောင်ရန်ငြင်းဆိုသောအခါ သူတို့သည် အမှန်တကယ်မှာ အဘယ်သူကို ငြင်းပယ်နေကြသနည်း။ ဓမ္မရာဇဝင် ပဌမစောင် ၈း၇။

ဘုရားသခင်က သူမအား ပေးအပ်သောတာဝန်ကို အယ်လင်ဝှိုက်သည် ထမ်းဆောင်ရန်မည်မျှခက်ခဲခဲ့သနည်း။ သူမ၏ခင်ပွန်းဖြစ်သော ဂျိမ်းစ်ဝှိုက်ပေးခဲ့သော ညွှန်ကြားချက်တစ်ခုမှ ကျွန်ုပ်တို့အတွေ့အမြင်တစ်ခုကို ရရှိနိုင်ပါသည်။ ဂျိမ်းစ်ဝှိုက်က “မစ္စစ်ဝှိုက်က သူမသည် သင်္ချိုင်းတွင်းသို့သွားရန် သို့မဟုတ် အခြားရူပါရုံတစ်ခုရရှိရန်အတွက် သူမ၌ ရွေးချယ်ခွင့်ရှိခဲ့မည်ဆိုလျှင်၊ သူမ၏အလုပ်တာဝန်ဝတ္တရားများကို ကြည့်ရှုခြင်းအားဖြင့်၊ သူမသည် သင်္ချိုင်းကိုရွေးချယ်လိမ့်မည်ဟု... ပြောကြားခဲ့သည်” ဟု ရေးသားခဲ့သည်။ ထိုသို့တိုင် သူမသည် ဘုရားသခင်ပေးသောသတင်းစကားများပေးပို့ရန်တာဝန်ကို ဆက်လက်ထမ်းဆောင်ခဲ့သည်။ ယေဇေကျေလအနာ ဂတ္တိကျမ်း ၃၃း၁-၉။

အယ်လင်ဝှိုက်ကို သစ္စာရှိသောသူဖြစ်ဖို့ရန် မည်သည့်အရာက မှုတ်သွင်းလှုံ့ဆော်ပေးခဲ့သနည်း။ သူမသည် ယေရှုကို ချစ်သောသူဖြစ်သည်။ သူမ၏ဘဝအသက်တာတစ်လျှောက်လုံးတွင် သခင်ယေရှုမကြာမီကြွလာခြင်းကို မျှော်လင့်နေခဲ့သည်။ ရူပါရုံထဲတွင် ဘုရားသခင်သည် သူမအား တစ်ခါတစ်ရံ ကောင်းကင်နိုင်ငံတော်နှင့် သခင်ယေရှုကို မြင်တွေ့ခွင့်ပေးခဲ့ပြီး၊ သာယာချိုအေးသော ကောင်းကင်တမန်တို့၏ဂီတသံများကို ကြားနာခွင့်ပေးခဲ့သည်။ သူမက ၎င်းသည် အလွန်အံ့သြဖွယ်ကောင်းသော နေရာတစ်ခုဖြစ်သည်ကို ဖော်ပြရန် စကားလုံးများရှာတွေ့နိုင်ရန် အလိုရှိသည်။ ထိုနောက် သူမသည် လူများကို ထိုနေရာမှလွဲ၍ မည်သည့်နေရာကိုမှ မသွားဖို့ရန် အားပေးတိုက်တွန်းနိုင်ရန် ကြိုးစားခဲ့သည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရားသခင်သည် ကျွန်ုပ်တို့အား သူ ၏ မေတ္တာကိုပြသသည့်နည်းလမ်းတစ်လမ်းမှာ အဘယ်နည်း။ ဗျာဒိတ်ကျမ်း ၃း၁၉၊ သုတ္တံကျမ်း ၃း၁၁၊ ၁၂။ ဘုရားသခင် ပေးတော်မူသောဆုံးမသြဝါဒစကားကို ပညာရှိသောသူသည် ဝမ်းမြောက်စွာလက်ခံကြလိမ့်မည်။

## သောကြာနေ့ ။ ဆက်လက်စကားပြောဆိုရန် ၆

နှစ်ပေါင်း ၇၀ ကျော်အထက်၊ အယ်လင်ဝှိုက်သည် ဘုရားသခင်အတွက် သတင်းပို့သူတစ်ဦးဖြစ်ရန် သူမအားခေါ်ဖိတ်ခြင်းကို သစ္စာရှိစွာဖြည့်ဆည်းခဲ့သည်။ သူမ၏ အကူအညီမှုတစ်ဆင့် ဘုရားသခင်ပေးခဲ့သော အကြံပေးချက်သည် အမေရိကန်ပြည်ထောင်စု၌ သတ္တမနေ့မျော်လင့်ခြင်းအသင်းတော် ၏ အမှုတော်လုပ်ငန်းကို ပထမဆုံး စတင်တည် ထောင်ခဲ့သည်။ ထို့နောက် ဥရောပ၊ နယူးဇီလန်နှင့် သြစတြေးလျ၌ တည်ထောင်နိုင်ခဲ့သည်။ ဧဝံဂေလိလုပ်ငန်း၊ စာပေပုံနှိပ်ထုတ်ဝေခြင်း၊ ကျန်းမာရေးဆေးပညာနှင့် ပညာရေးဆိုင်ရာ လုပ်ငန်းများအတွက် မှုတ်သွင်းခံရသောဆုံးမစကားများကို လိုက်နာခြင်းအားဖြင့် ဘုရားသခင်သည် အသင်းတော်ခေါင်းဆောင်များကို ဉာဏ်ပညာပေးခဲ့သည်။



အယ်လင်ဝှိုက်သည် အမေရိကန်ပြည်ထောင်စုသို့ပြန်ရန် အချိန်ရောက်လာပြီဟု ဘုရားသခင်က ပြောကြားခဲ့သည့်အချိန်ထိတိုင်အောင် သြစတြေးလျတွင် ၉ နှစ်နီးပါး အမှုတော်လုပ်ငန်း လုပ်ဆောင်ခဲ့သည်။ သူမသည် ယခုအသက် ၇၂ နှစ်ရှိပြီဖြစ်ပြီး၊ ထိုနေရာမှ မထွက်ခွာလိုသော်လည်း သူမသည် ဘုရားသခင်၏စကားကို နာခံခဲ့သည်။ ရှည်လျားသောသမုဒ္ဒရာရေကြောင်းခရီးစဥ်အတွင်း၌ ဘုရားသခင်သည် သူမအတွက်ခိုလှုံရာနေရာပြင်ဆင်ထားကြောင်း ကောင်းကင်တမန်တစ်ပါးက သူမအား အာမခံပေးခဲ့သည်။ သူမသည် ဤခိုလှုံနေထိုင်ရာကို ကယ်လီဖိုးနီးယားမြောက်ပိုင်းရှိ သက်သောင့်သက်သာရှိသောအိမ်တစ်လုံးတွင် ရှာတွေ့ခဲ့သည်၊ ၎င်းကို အဲလ်ဟမ်ဗ် (Elmshaven) ဟု အမည်ပေးခဲ့သည်။

သူမသည် အသက်ကြီးနေပြီဖြစ်သော်လည်း အယ်လင်ဝှိုက်သည် စာရေးခြင်းနှင့် စကားပြောခြင်းများဖြင့် အလုပ်များနေဆဲဖြစ်သည်။ သူမသည် လူများအတွက် အမြဲတမ်း အချိန်ယူခဲ့သေးသည်။ ကလေးများသည် သူမ၏ပျော်ရွှင်သော၊ ကြင်နာသောစိတ်၊ အားပေးခြင်းကို အထူးသဖြင့် ချစ်နှစ်သက်ခဲ့ကြသည်။ အိမ်နီးချင်းများသည်လည်း သူမ၏အလည်အပတ်လုပ်ခြင်းနှင့် အစားအစာ လက်ဆောင်များကို တန်ဖိုးထားကျေးဇူးတင်ခဲ့ကြသည်။ သူမသည် အသက်ရှင်သည့်ကာလပတ်လုံး အခြားသူများအတွက် စဥ်းစားခဲ့သည်။

သမ္မာကျမ်းစာသည် အယ်လင်ဝှိုက်အတွက် အလွန်ပင်တန်ဖိုးရှိလှပါသည်။ ၁၉၀၉ ခုနှစ် အထွေထွေညီလာခံ၌ သူမသည် ကမ္ဘာအနှံ့ရှိ အသင်းတော်ခေါင်းဆောင်များနှင့် နောက်ဆုံးအကြိမ်စကား ပြောဆိုခဲ့သည်။ သူမကကျမ်းစာကို ဖွင့်ပြီး “ညီအစ်ကို၊ ညီအစ်မတို့၊ ဤစာအုပ်ကို ဖတ်ရန် သင်တို့အား အကျွန်ုပ် တိုက်တွန်းပါ၏” ဟုပြောခဲ့သည်။ သူမ၏ နောက်ဆုံးသောသတင်းစကားမှာ လူငယ်များအား ကျမ်းစာပိုမိုလေ့လာရန် လမ်းညွှန်ပို့ဆောင်ပေးသည့်ကောင်းသောစာအုပ်များကိုသာ ဖတ်ရန် အားပေးတိုက်တွန်းခဲ့သည်။

၁၉၁၅ ခုနှစ်၊ ဂျူလိုင် ၁၆ သောကြာနေ့တွင် အယ်လင်ဝှိုက်သည် ငြိမ်းချမ်းစွာ သေဆုံးခဲ့ပြီး၊ မိသားစုနှင့် မိတ်ဆွေအပေါင်းအဖော်တို့သည် ဝိုင်းဝန်းစုရုံးခဲ့ကြ၏။ ရှင်ပြန်ထမြောက်ခြင်းကို စောင့်မျှော်နေရင်း၊ သူမ ၏ နောက်ဆုံးစကားများမှာ “ငါယုံကြည်သောသူကို ငါသိ၏” (တိမောသေသြဝါဒစာ ဒုတိယစောင် ၁း၁၂) ။ ဗျာဒိတ်ကျ မ်း ၁၄း၁၃။



**လက်တွေ့ကျင့်သုံးရန်။** အယ်လင်ဝှိုက်သည် သူမ၏ကြိုးစားအားထုတ်လုပ်ဆောင်မှုများမှ အနားယူသော်လည်း သူမ ရေးသားခဲ့သော စာအုပ်များသည် ဆက်လက်၍ စကားပြောနေပါသည်။ သင်သည် ဤမှုတ်သွင်းခံစာအုပ်များကို ဖတ်နေပါသလား။

မဖြစ်နိုင်ပါ။ ၎င်းက ကျွန်ုပ်တို့သည် အပြစ်သားများဖြစ်ကြောင်းနှင့် ကယ်တင်ရှင်တစ်ပါး လိုအပ်ကြောင်းကိုသာ ကျွန်ုပ်တို့အား ပြသပေးနိုင်ပါသည်။ ရောမဩဝါဒစာ ၃း၂၀၊ ဂလာတိဩဝါဒစာ ၃း၂၄။

သခင်ယေရှုတစ်ပါးတည်းသာ ကျွန်ုပ်တို့အား အပြစ်မှကယ်တင်နိုင်သူဖြစ်သောကြောင့် (ရှင်မဿဲခရစ်ဝင် ၁း၂၁) ၊ သူ့အကြောင်းကို ပို၍ပြည့်စုံစွာဟောပြောရန် လိုအပ်ပါသည်။ လူတို့သည် ယေရှုအကြောင်း လေ့လာကြားသိသောအခါတွင် သူတို့သည် ကိုယ်တော့်ထံ ချဉ်းကပ်လာကြသည် (ရှင်ယောဟန်ခရစ်ဝင် ၁၂း၃၂) ။ သူတို့သည် ကိုယ်တော်နဲ့တူချင်ပြီး၊ ကိုယ်တော်အားပျော်ရွှင်စေမည့်အရာများကို လုပ်ဆောင်ကြလေသည်။ ထိုနောက်၊ သခင်ယေရှုသည် သူ့ထံလာသောသူများအတွက် မည်သည့်အရာကို လုပ်ပေးနိုင်သနည်း။ ဟေဗြဲဩဝါဒစာ ၇း၂၅။

ထိုအရာသည် ယုံကြည်ခြင်းအစိတ်အပိုင်းနှင့် ကိုက်ညီသောနေရာဖြစ်သည်။ ယုံကြည်ခြင်းသည် ဘုရားသခင့်ကတိတော်များကို အမြဲတမ်းစောင့်ထိန်းဖို့ရန် ဘုရားသခင်အပေါ်မူတည်နေပြီး၊ ပညတ်တော်တစ်ပါးစီသည် အမှန်တကယ်မှာ ကျွန်ုပ်တို့အတွက်သူလုပ်ဆောင်ပေးနိုင်သည့်ကတိတော်ဖြစ်သည်။ “သခင်ယေရှု၏ယုံကြည်ခြင်း” သည် ကျွန်ုပ်တို့ကိုအပြစ်မှ ကယ်နုတ်ရန် ပြည့်စုံသော တန်ခိုးတော်ရှိသည်ဟု ယုံကြည်ခြင်းဖြစ်သည်။ ကျွန်ုပ်တို့သည် သခင်ယေရှုကျွန်ုပ်တို့အားပေးသောတန်ခိုးတော်နှင့်အတူ ဘုရားသခင်၏ပညတ်တော်ကို နာခံလိုက်လျှောက်သောအခါ ကျွန်ုပ်တို့သည် “ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ခြင်း” အခွင့်ကို ရရှိသည်။ ရှင်ယောဟန်ခရစ်ဝင် ၅း၃-၅။

ဘုရားသခင်သည် မိမိလူတို့အား ဤတန်ဖိုးမဖြတ်နိုင်သော သတင်းစကားကို ပေးပို့ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် သူသည် သခင်ယေရှု၏အံ့ဩဖွယ်ကောင်းသောချစ်ခြင်းမေတ္တာနှင့် အပြစ်များကိုအောင်မြင်ကျော်လွှားပြီး ပညတ်တော်များကို စောင့်ထိန်းနိုင်ရန် ကူညီပေးသော သူ့၏တန်ခိုးတော်ကို သူတို့အား အပြည့်အဝသိစေချင်သောကြောင့်ဖြစ်သည်။ ရောမဩဝါဒစာ ၈း၃၊ ၄၊ ဖေက်ဩဝါဒစာ ၂း၁-၁၀။

ကိုယ်စားလှယ်အချို့က ဤသတင်းစကားသည် ပညတ်တော်ကို အလွန်အရေးမပါပုံပေါ်စေမည်ကို သေချာသိခဲ့ကြသည်။ သို့သော် သူတို့သည် စိတ်ပူပန်စရာ မလိုအပ်ခဲ့ပေ။ ပညတ်တော်တစ်ပါးစီသည် အမှန်တကယ်မှာ လုံး၀ သခင်ယေရှုအကြောင်းဖြစ်သည်။ သူသည် ပညတ်တော်တို့ကို ရေးသားခဲ့သည်၊ ထိုပညတ်တို့က သူသည် အဘယ်သို့သောသူဖြစ်ကြောင်း ဖော်ပြပေးသည်။ ရှင်ယောဟန်ခရစ်ဝင် ၁၅း၁၀။

မှန်ပါသည်၊ ယုံကြည်ခြင်းအားဖြင့် ဖြောင့်မတ်ရာသို့ရောက်ခြင်းကို လူများတို့ တွေ့ကြုံခံစားဖို့ရန် စာတန်သည် အလိုမရှိပေ။ နားလည်မှုလွဲမှားခြင်းနှင့် ငြင်းခုန်ခြင်းများနှင့်အတူ ကိုယ်စားလှယ်တော်များကို စိတ်ပျက်စေနိုင်မည့် သူလုပ်နိုင်သည့်အရာများအားလုံးကို သူကြိုးပမ်းလုပ်ဆောင်ခဲ့သည်။ ခေါင်းဆောင်နေသောအချို့သာသနာပြုတို့သည် ဘုရားသခင်၏အထူးသတင်းပေးပို့သူများအပေါ် အလွန်ပင်ဝေဖန်ခဲ့ကြသည်။



ကိုယ်စားလှယ်များသည် သူတို့၏ သမ္မာကျမ်းစာများကို အထူးဂရုစိုက်စွာ လေ့လာသင့်ပေသည်၊ စည်းလုံးညီညွတ်ဖို့ရန်နှင့် အမှန်တရားကိုရှင်းလင်းစွာ နားလည်ဖို့ရန် ဆုတောင်းသင့်ပေသည်။ သန့်ရှင်းသောဝိညာဉ်တော်ကို အသိအမှတ်ပြုရန်နှင့်တုံ့ပြန်ရန် ပျက်ကွက်သူများသည် ထိုညီလာခံကို အားနည်းစေပြီး၊ စိတ်ဓာတ်ပျက်ပြားစေခဲ့သည်။ ယေရမိအနာဂတ္တိကျမ်း ၂၅း၄၊ ၇။ ဤအံ့ဩဖွယ်သော အမှန်တရားကို လေ့လာပြီး၊ ကြိုဆိုသူများသည် သန့်ရှင်းသောဝိညာဉ်တော်၏တန်ခိုးကို ခံစားခဲ့ရပြီး၊ ကောင်းချီးများစွာဖြင့် ကျန်ရစ်ခဲ့လေသည်။

**လက်တွေ့ကျင့်သုံးရန်။** ယေရှုနောက်သို့လိုက်ခြင်းသည် ပညတ်တရားကို စောင့်ရှောက်ခြင်းကို ဆိုလိုပါသည်။ သခင်ယေရှုကို ကျွန်ုပ်တို့ ပို၍သိရှိလေလေ၊ ကိုယ်တော်၏ပညတ်တော်ကိုနာခံခြင်းက ကျွန်ုပ်တို့ကို ပျော်ရွှင်စေသည်ကို ပိုမိုနားလည်လာလေလေဖြစ်သည်။ ဆာလံကျမ်း ၁၉း၇-၁၁၊ ၄၀း၈။ ထို့ပြင်၊ ယနေ့ကျွန်ုပ်တို့အား နာခံရန်အစွမ်းတန်ခိုးပေးရန် ကိုယ်တော်အားပို၍ အမှီသဟဲပြုရသည်။ ရှင်ယုဒဩဝါဒစာ ၁း၂၄၊ ၂၅။

## အင်္ဂါနေ့ | တောင်ပိုင်း သာသနာလုပ်ငန်း ၃

အယ်လင်ဝှိုက်သည် သူမ၏ထူးချွန်သောသားကြီး အက်ဒီဆင် (Edson White) အတွက် နှစ်ပေါင်းများစွာ စိတ်အားထက်သန်စွာဆုတောင်းခဲ့သည်။ သူသည် သမ္မာကျမ်းစာကို လေ့လာဖို့၊ ဆုတောင်းဖို့ရန် အချိန်မပေးနိုင်ဘဲ ငွေရဖို့ရန်အတွက်သာကြိုးစားပြီး အလွန်အလုပ်များနေသောကြောင့် သူမသည် စိုးရိမ်ပူပန်ခဲ့ရသည်။ သူ၏အသက်တာကို ဘုရားသခင်အား အပြည့်အ၀ထိန်းချုပ်ခွင့်ပြုရန် သူမသည် အလွန်တောင့်တခဲ့သည်။

ဘုရားသခင်သည် အယ်လင်ဝှိုက်၏ဆုတောင်းချက်တို့ကို နားညောင်းပြီး အဖြေပေးခဲ့သည်။ သူ့မိခင်ထံမှ စာတစ်စောင်နှင့် အလွန်ရိုင်းစိုင်းသောမိတ်ဆွေတစ်ဦးပြောင်းလဲခြင်းက သူ့ကိုများစွာအကျိုးသက်ရောက်ခဲ့သည်။ ထို့ကြောင့် အသက် ၄၄ နှစ်အရွယ်တွင် သူသည် ဘုရားသခင်ထံ သူ၏နှလုံးသားကို လုံးလုံးလျားလျား ပြန်လည်အပ်နှံပြီး ကိုယ်တော်အတွက် အမှုတော်အလုပ်လုပ်ရန် ဆုံးဖြတ်ခဲ့သည်။

အက်ဒီဆင်ဝှိုက်သည် ပြန်ပြောင်းလဲလာပြီးနောက်၊ သူသည် ဘတ်တာခရီးခ်တွင်ရှိသော အသင်းတော်ဌာနချုပ်များသို့ သွားရောက်လည်ပတ်ခဲ့သည်။ ထိုနေရာသို့ရောက်နေစဉ် ခရစ်ယာန်သာသနာပြုများအတွက် တောင်ပိုင်းတွင် အလုပ်လုပ်ရန်တောင်းဆိုထားသည့် သူ၏ မိခင်ရေးသားသောဆောင်းပါးတစ်ပုဒ်ကို တွေ့ရှိခဲ့သည်။ သူသည် ဤဆောင်းပါးကို စိတ်ဝင်စားစွာဖြင့် ဖတ်ရှုခဲ့ခြင်းဖြင့် ဆင်းရဲနွမ်းပါးနေသော ယခင်ကျေးကျွန်များအား ကူညီရန် ဘုရားသခင်က သူ့ကိုခေါ်နေကြောင်းကို သိမှတ်ခဲ့သည်။ ဤအမျိုးသားများနှင့် အမျိုးသမီးများသည် ဘုရားသခင် ၏သားသမီးများဖြစ်ကြောင်း သူသိသောကြောင့် ခေါ်ဆိုမှုကို ဖြေကြားရန် ဆုံးဖြတ်ခဲ့လေသည်။

အက်ဒီဆင်ဝှိုက်နှင့် သူ့အပေါင်းအဖော်တစ်ဦးတို့သည် နံနက်ခင်းကြယ် (Morning Star) ဟုခေါ်သော လှေတစ်စင်းကို တည်ဆောက်ခဲ့ကြသည်။ ၎င်းတွင် ပုံနှိပ်စက်၊ ဓာတ်ပုံရိုက်သည့်အမှောင်ခန်းတစ်ခန်း၊ ဘုရားရှိခိုးခန်းနှင့် သူနှင့်သူ့အားကူညီသူများအတွက် အခန်းများ ပါရှိသည်။ သူသည် ဝေစာများနှင့် စာအုပ်များကို ပုံနှိပ်ထုတ်ဝေခဲ့ပြီး၊ စာမဖတ်တတ်သောသူများ၏အာရုံကိုဆွဲဆောင်ရန် ဓာတ်ပုံဆလိုက်များ ပြုလုပ်ခဲ့သည်။ များမကြာမီတွင် သူသည် လူတို့အားသမ္မာကျမ်းစာကိုမည်သို့ဖတ်တတ်ပြီး နားလည်ရမည်ကို စတင်သင်ကြားပေးခဲ့သည်။ ကျန်းမာသောအသက်တာဖြစ်ရန် ဘယ်လိုလုပ်ရမည်ကိုလည်း သူသင်ကြားပေးခဲ့သည်။

တောင်ပိုင်းရှိ အချို့သောလူဖြူများသည် ဤလုပ်ငန်းကို ကန့်ကွက်ကြသည်။ သူသည် အက်ဒီဆင်က လူမည်းများအား ကူညီနေသည်ကို တွေ့မြင်သောအခါတွင် ဒေါသထွက်ပြီး သူ့ကို အသက်အန္တရာယ်ခြိမ်းခြောက်မှုတောင် ပေးခဲ့ကြသည်။သို့သော် သူသည် ဆက်လက်၍ သူ၏ရည်မှန်းချက်နှင့်အတူဆက်လက်လုပ်ဆောင်ခဲ့သည်၊ နှစ်အနည်းငယ်အတွင်းမှာပဲ သူသည် မတူညီသောနေရာများတွင် စာသင်ကျောင်းငါးဆယ်ကို စတင်ခဲ့သည်။ သူ၏ လုပ်ဆောင်ချက်ကြောင့် များစွာသောလူတို့သည် အကူအညီရခဲ့ကြပြီး၊ အချို့တို့သည် နေရာများစွာအသီးသီး၌ ဘုရားသခင်၏အမှုတော်လုပ်ငန်းကို တိုးချဲ့နိုင်သော သာသနာပြုဓမ္မဆရာများနှင့် ကျောင်းဆရာ၊ ဆရာမများ ဖြစ်လာခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** အမှန်တကယ် အကူအညီလိုအပ်သူများကို ကူညီသောသူများအတွက် အဘယ်ကတိတော် ပေးထားသနည်း။ ဟေရှာယအနာဂတ္တိကျမ်း ၅၈း၆-၁၁။

## ဗုဒ္ဓဟူးနေ့ | မက်ဒီဆင်ကောလိပ် ၄

၁၉၀၄ ခုနှစ်တွင် အက်ဒီဆင်သည် သူ၏မိခင်ဖြစ်သူ အယ်လင်ဝှိုက်ကိုခေါ်ပြီး အက်ဝုတ်စူးသာလန်း (Edward Sutherland) နှင့် ပါစီမက်ဂန် (Percy Magan) တို့နှင့်အတူ သူ၏လှေ မောနင်းစတားဖြင့် Cumberland မြစ်ပေါ်သို့ ခရီးထွက်ခဲ့ကြသည်။ သူတို့သည် ကျောင်းတစ်ကျောင်းအစပြုဖို့ရန် လှေသဘော်ပေါ်၌ ငွေ၊ ပစ္စည်းရှာဖို့ရန် ကြိုးစားနေခဲ့ကြလေသည်။

တန်နက်စီ (Tennessee) ပြည်နယ်၊ နက်ဆ်ဗီလီ (Nashville) အနီးတွင် သူတို့သည် ဟောင်းနွမ်းနေသော ခြံဟောင်းတစ်ခု၌ လှေကို ပြုပြင်ရန်အတွက် ရပ်နားခဲ့သည်။ သူတို့သည် ထိုခြံပတ်လည်ကို လမ်းလျှောက်သွားကြသည်နှင့်အမျှ အယ်လင်ဝှိုက်သည် သူမ၏ရူပါရုံထဲ၌ ဤကဲ့သို့သောနေရာတစ်နေရာကို မြင်ဖူးခဲ့သောကြောင့် ထိုခြံကို အလွန်နှစ်သက်သဘောကျခဲ့သည်။ နောက်မနက်တွင် သူမသည် စူးသာလန်နှင့် မက်ဂန်တို့ကို ဤနေရာတွင် သူတို့သည် ကျောင်းကို အစပြုသင့်ကြောင်း ပြောဆိုခဲ့သည်။

သို့သော် ထိုအမျိုးသားနှစ်ဦးစလုံးသည် ထိုခြံမြေကို မဝယ်လိုခဲ့ကြပေ။ ၎င်းသည် ဈေးကြီးပြီး မြေဆီလွှာမကောင်းပေ။ သူတို့နှစ်ဦးသည် ကျောက်တုံးတစ်တုံးပေါ်တွင်ထိုင်ပြီး စိတ်ပျက်အားလျော့စွာဖြင့် အမှန်တကယ်ငိုကြွေးခဲ့ကြသည်။ သို့သော်လည်း အယ်လင်ဝှိုက်က သူတို့ကိုကျောင်းဖွင့်ဖို့ ဘုရားသခင်အလိုရှိသောနေရာသည် ဤနေရာဖြစ်ကြောင်းကို သူတို့ကို အာမခံခဲ့သည်။



နောက်ဆုံးတွင် သူတို့သည် အယ်လင်ဝှိုက်၏အကြံဉာဏ်ပေးချက်အပေါ် ယုံကြည်ခြင်းရှိရန် ဆုံးဖြတ်ခဲ့ကြသည်။ အ ဆိုပါ အိမ်ခြံမြေကို ဝယ်ယူခဲ့ပြီး၊ မက်ဒီဆင်ကောလိပ် (Madison College) ကို အစပြုတည်ထောင်ခဲ့သည်။ အယ်လင်ဝှိုက်သည် ကျောင်းကို အပြင်းအထန်ထောက်ပံ့ခဲ့ပြီး၊ ဤကျောင်းကိုကူညီရန်အတွက် ဆက်ကပ်လုပ်ဆောင်ကြရန် အခြားသူများအား အားပေးတိုက်တွန်းခဲ့သည်။

ပထမနှစ်တွင် ကျောင်းသား ၁၁ ယောက် တက်ရောက်ခဲ့ကြသည်။ သူတို့သည် ကိုယ်ပိုင်အစားအစာများကို စိုက်ပျိုးပြီး ကိုယ်ပိုင်ပရိဘောဂများကို ပြုလုပ်ခဲ့ကြသည်။ ကောလိပ်ပညာရေးကို မတတ်နိုင် သူများစွာသည် တက်ရောက်နိုင်ခဲ့ကြသည်၊ အဘယ်ကြောင့်ဆိုသော် ကျောင်းသားများသည် သူတို့၏ကုန်ကျစရိတ်များကို ပေးဆောင်ရန် ထိုကျောင်းတွင် အလုပ်လုပ်ကိုင်နိုင်သောကြောင့် ဖြစ်သည်။ ကျောင်းသားများနှင့် ဆရာ၊ ဆရာမများသည် အတူတကွ အလုပ်လုပ်ဆောင်ခဲ့ကြပြီး၊ ပျော်ရွှင်သာယာသောမိသားစုကြီးကဲ့သို့ပင် ဖြစ်လေသည်။

ဘုရားသခင်၏ကောင်းချီးမင်္ဂလာအားဖြင့် ကျောင်းသည် တိုးတက်ကြီးထွားလာခဲ့သည်။ ၎င်းသည် ဘုရားသခင်အတွက် အလုပ်လုပ်ရန် သူတို့အားလေ့ကျင့်ပေးမည့်ပညာရေးကို လိုချင်သောကျောင်းသားများကို ဆွဲဆောင်ခဲ့သည်။ ပုံမှန်သင်တန်းများနှင့်အတူ သူတို့သည် ဆောက်လုပ်ရေး၊ စိုက်ပျိုးရေးနှင့် သူနာပြုစသည့်လက်တွေ့ကျသောကျွမ်းကျင်မှုများကိုသင်ယူခဲ့ရကြသည်။ ဤအဖိုးတန်လှသောသင်တန်းသည် သူတို့ကို နေရာများစွာမှာ ကျောင်းငယ်များ၊ စီးပွားရေးလုပ်ငန်းများနှင့် ဆေးရုံများကို အစပြုဖို့ရန် ပြင်ဆင်ပေးစေသည်။ ၁၁ နှစ်တာကာလအတွင်းတွင်၊ ဘွဲ့ရသူများသည် အခြားကျောင်း ၄၀ နီးပါးကို စတင်နိုင်ခဲ့သည်။

မက်ဒီဆင်ကောလိပ်သည် ထင်ရှားကျော်ကြားသောကျောင်းတစ်ကျောင်းဖြစ်လာခဲ့ပြီး၊ ၎င်းအောင်မြင်မှု၏ လျှို့ဝှက်ချက်ကို လေ့လာသင်ယူကြရန် ကမ္ဘာတစ်ဝှမ်းမှ လူများတို့သည် ရောက်ရှိလာခဲ့ကြသည်။ ထိုအရာကား အဘယ်သို့နည်း။ သူတို့သည် ပညာရေးအတွက် ဘုရားသခင်၏အစီအစဉ်ကို အယ်လင်ဝှိုက် ရေးသားချက်များတွင် ဖော်ပြထားသည့်အတိုင်း လိုက်နာခဲ့ကြသည်။

**လက်တွေ့ကျင့်သုံးရန်။** ဘုရား သခင်မိန့်တော်မူရာကို နာခံရန် အမြဲတမ်း မလွယ်ကူသော်လည်း၊ ၎င်းသည် အမြဲတမ်းလုပ်သင့်လုပ်ထိုက်သောအရာဖြစ်သည်။ ဘုရားသခင်သည် သူ့ပရောဖက်များအား ပေးသော သတင်းစကားကို ကျွန်ုပ်တို့ယုံကြည်သောအခါ ကျွန်ုပ်တို့အတွက် ဘာလုပ်မည်နည်း။ ရာဇဝင်ချုပ် ဒုတိယစောင် ၂၀:၂၀။

## ကြာသပတေးနေ့ | ဘုရားသခင်၏သတင်းစကား ယူဆောင်လာပေးသူ ၅

သူမ၏သာသနာတစ်လျှောက်လုံးတွင်၊ ဘုရားသခင်သည် များစွာသောလူများအတွက် အယ်လင်ဝှိုက်အား သတင်းစကားများကို ပေးခဲ့သည်။ ဤအရာများစွာကို သူမ၏စာအုပ်များတွင် ထည့်သွင်းထားပါသည်။ ကောင်းကင်မှပေးသော ဤဆုံးမစကားသည် ဘ၀အသက်တာကဏ္ဍတိုင်းအတွက် ဉာဏ်ပညာ၏ကြွယ်ဝခြင်းဘဏ္ဍာဖြစ်သည်။

သူမသည် လူတို့အား ပေးရသည့်အတွက် ဝမ်းသာရသည့် သတင်းစကားအချို့ရှိသည်။ သူမသည် စိတ်ဓာတ်ကျသောလူများအား အားပေးချင်သူဖြစ်သည်။ သူမသည် အကူအညီလိုအပ်သူများကို အကူအညီပေးချင်သူဖြစ်သည်။ သူမသည် ဘုရားသခင်၏အလိုတော်ကို သိချင်သောလူငယ်များအား လမ်းညွှန်ချင်သောသူဖြစ်သည်။

အခြားသတင်းများမှာမူ သူမအတွက် ပေးရန် ခက်ခဲသည်။ အချို့လူများသည် ကြီးလေးသောအပြစ်များကို ကျူးလွန်ခဲ့ကြပြီး၊ သူတို့ကို ဆုံးမပဲ့ပြင်ရန် လိုအပ်ခဲ့သည်။ အချို့တို့သည် အမှားများကို ကျူးလွန်ခဲ့ကြသော်လည်း သူတို့သည် အရာအားလုံးကို အမှန်လုပ်နေသည်ဟု ထင်နေခဲ့ကြသည်။ သူတို့ကို အမှန်ပြင်ပေးဖို့ရန် လိုအပ်ပါသည်။